ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ပင်စုံကျေးရွာ

တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း



ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၀– ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပင်စုံကျေးရွာ ၊ တောင်ကြီးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကူညီရေးဆွဲသည်)

မာတိကာ
စကားချီး
ကောင်နိန်းကျေးရွာသယံဇာတပြမြေပုံ၊ တောင်ကြီးမြို့နယ်
အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်
(၁)နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွမ်းခြုံသက်ရောက်မှု
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု
(၂)ကျေးရွာ၏ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃)ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ
(က) လူဦးရေဆိုင်ရာအချက်အလက်များ
(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့်အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု
(၄)ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(၉) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(၈) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ

(၁)လူမှုစီးပွားရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စု များ

ဇယား၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ

ဇယား၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂)ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ဇယား၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဇရိယာ

ဇယား၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား၁၇ သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတက်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှုနှင့်အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား၊မကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာအခြေအနေ

ဇယား၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု

ဇယား၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ ကျေးရွာသူကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန် ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်များကို ယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် အချက်အလက်တို့၏ အရေးပါမှုကိုသိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များ နှင့် နည်းပညာ ပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည် ။

ယခုရေးဆွဲထားသောအစီအစဉ်သည်လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကို သာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည် ။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည်ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီးလုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့် အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်ပေးမှုများနှင့်လုပ်ငန်းအစီအစဉ်များကိုအခြေအနေကာလအပေါ်မူတည်၍ပြုပြင် ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည် ။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာန၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြု ချက်များ၊ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည့်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင် တွင်လည်းကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည် ။

ဤစီမံချက်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မည့် အဆင့်ဆင့် တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များပါဝင်ပါသည် ။


မေ လ၊ ၂၀၂၁ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပင်စုံကျေးရွာ


တောင်ကြီးမြို့နယ်

ပင်စုံကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ



ရည်ညွှန်း တောင်ကြီးမြို့နယ်၊ ပင်စုံကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းအစီစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည် ။ (၃၀ ၊ မေလ ၊ ၂၀၂၁ခုနှစ်)

ပင်စုံကျေးရွာတွင်း အဖွဲ့အစည်းနှင့် ရွာပြင်ပအဖွဲ့အစည်းများဆက်သွယ်မှုပြပုံ



ပင်စုံကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) နိဒါန်း ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည် ။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို တောင်ကြီးမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီ ဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့ အကြုံ မရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံ တွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီး တွင်ရရှိအောင်ဆောင်ရွက်မည့်နည်းဗျူဟာများ ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြ ထား ပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များ ဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေး အဖွဲ့ အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များစာပေပညာရှင်များ၊တင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့ အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီ အစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည် ။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများ အတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လို လားချက် နှင့်ဌင်းတို့၏စီးပွားရေးဆိုင်ရာဂန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက် ဆောင်ရွက်လာနိုင် မည်ဖြစ်ပါသည် ။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များ နှင့် ဦးစား ပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည် ။ ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည် ။

နည်းပညာ အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောင့်ငင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည် ။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ နှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့်ငင်းတို့ အချင်းအချင်း ပေါင်းစည်း ညှိနှိုင်းစီစဉ်မှုများပြုလုပ်လာနိုင်ပါမည် ။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည် ။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ ၊ နည်းပညာအခက် အခဲများရှိနေပါသည် ။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုနှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက် ပါမည်။

ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ပင်စုံကျေးရွာသည် တောင်ကြီးမြို့မှ (၇) မိုင်ခန့်ကွာတွင် တည်ရှိပြီး ကျေးရွာ၏ အရှေ့ဘက်တွင်ရေတံခွန်ကျေးရွာ၊ အနောက်ဘက်တွင်ပင်လုံကျေးရွာ၊ တောင်ဘက်တွင် မံတလင်းကျေးရွာနှင့် မြောက်ဘက်တွင် ပေါမူကျေးရွာတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၃၅၀၀)အမြင့်တွင် တည်ရှိ၍ ပူနွေးပြီးခြောက်သွေ့သော ရာသီဥတုဖြစ်ပါသည် ။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် တောင်ယာစိုက်ပျိုးရေးကိုသာအဓိကမှီခိုသော ကျေးရွာဖြစ်၍ တောင်ယာမြေ ဧက(၂၀၀)ဧက ၊အိမ်ခြံဝန်းဟင်းသီးဟင်းရွက်စိုက်ခင်းမြေများ ပိုင်ဆိုင်ပါသည်။ တောင်ယာမြေတွင်ပြောင်းကိုအဓိကထား စိုက်ပျိုး၍ မိသားစုစား၀တ်နေရေး အတွက် ကြားသီးနှံအဖြစ် စပါး၊ကြက်သွန်ဖြူ၊ဂေါ်ရခါး၊ဂျင်း၊ပဲသီး၊ပဲတောင့်ရှည်၊ ဖရုံသီး၊ကိုက်လံ၊ မုန့်ညင်း၊ ဂေါ်ဖီထုတ်၊သရက်၊ငှက်ပျောစသည်တို့ကိုစိုက်ပျိုးရောင်းချ၍မိသားစု စား၀တ်နေရေး အဆင်ပြေအောင်ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေး အတွက်မိုးရေကိုသာအဓိကအားကိုးပြီး လုပ်ကိုင်ကြပါသည်။ ကျေးရွာလူထု၏ သောက်ရေသုံးရေတို့အတွက်ပင်စုံကျေးရွာ၏မြောက်ဘက်တွင်ရှိသော ပေါမူ ရေထွက်မှ ရေကို သွယ်တန်း အသုံးပြုနေရသဖြင့် နွေရာသီတွင် ရေလုံလောက်မှုမရှိပါ။ ပြောင်း နှင့် စပါးစိုက်ပျိုးရေး လုပ်ငန်းကို ကျေးရွာရှိ မိသားစုကုန်စိုက်ပျိုး လုပ်ကိုင်ကြပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်နေထိုင်သောအိမ်ထောင်စု(၅၉)စုရှိပြီး လူဦးရေပေါင်း(၂၃၁) ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်စုလျှင် (၃)ဦးမှ (၅)ဦးအထိရှိပြီး ပအိုဝ်းလူမျိုးများသာ နေထိုင်ကြပါသည်။ အသက်(၁၅)နှစ်မှ (၆၀)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၁)ရာခိုင်နှုန်း ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သော အခြေအနေကောင်း များလည်းရှိပါသည်။ (၁၅)နှစ် အောက် လူဦးရေ နှင့် အသက်(၆၅)နှစ် အထက်လူဦးရေ စုစုပေါင်း(၆၆)ဦးသည်

ပညာသင်ကြားနေသော ကလေးသူငယ်များ နှင့် မိသားစုကိုမှီခိုနေရသော အသက်ကြီးပိုင်း လူဦးရေများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာမိသားစုများ၏ အဓိကဝင်ငွေရလုပ်ငန်းများမှာ ပြောင်း ၊ စပါးစသည့် လုပ်ငန်းတို့ကိုလုပ်ကိုင်ကြပါသည်။ ဟင်းသီးဟင်းရွက်လုပ်ငန်းများအား အားပြု စိုက်ပျိုး သောကြောင့်တစ်ရွာလုံး၏ဝင်ငွေမှာ မိသားစုစားဝတ်နေရေးအတွက် လောက်ငှယုံသာ ရှိသော ကြောင့်သာမန်အားဖြင့်ဝင်ငွေလျော့နည်းကြပါသည်။ ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် ကျေးရွာရှိ ရှေးမှီ/နောက်မှီ ကျေးရွာ၏အကြောင်းကို ဂဃနဏာ သိရှိသောရပ်မိရွာဖများ၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးရွာအုပ်ချုပ်ရေးမှူး(သူကြီး)တို့ မှ သတ်မှတ်ကြပြီး အိမ်ထောင်စု(၅၉)စုတွင် အဆင်ပြေအဆင့် အိမ်ထောင်စု(၁၈)စု၊ အလယ် အလတ် အဆင့် (၃၀)စု၊ အဆင်မပြေအဆင့်(၉)စု၊ အလွန်အဆင်မပြေ အဆင့်(၂)စု ရှိသည်ဟု သတ်မှတ် ကြပါသည်။ ကျေးရွာတွင် အလွန်အဆင်မပြေသော အိမ်ထောင်စု(၁)စုမှ လွဲ၍ ကျန်အဆင့်များတွင် တောင်ယာမြေများပျမ်းမျှအားဖြင့် အနည်းဆုံး(၁)ဧကပိုင်ဆိုင်ကြပါသည်။ ဥစ္စာဓနအဆင့် သတ် မှတ်မှုမှာကျွန်ုပ်တို့ရွာကျေးရွာသူ၊ကျေးရွာသားများ၏ မြေယာပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်း၊ လူစီးကား၊ဆိုင်ကယ်၊ လက်ကိုင်ဖုန်း၊ဆိုလာမီး (ကြီး၊လတ်၊သေး)ပေါ်မူတည်ပြီး အဓိကထား တိုင်းတာပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် အလွန်အဆင်မပြေသော အိမ်ထောင်စု(၁)စုသာရှိပြီး အလုပ် အကိုင်နည်းပါးသောကြောင့် ဝင်ငွေနှင့်သုံးငွေ မျှတမှုမရှိခြင်း ၊ သဘာဝ အရင်းအမြစ် ရှားပါးမှုကြောင့် စားနပ်ရိက္ခာဖူလုံမှု အသင့်အတင့်ရှိခြင်းတို့ ဖြစ်သည်ကိုတွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင်ယခုအချိန်ထိထိခိုက်ဒဏ်ရာရရှိမှုနှင့်ရောဂါကြီးကြီးမားမား ဖြစ်ပွားမှု မရှိပါ။ကျေးရွာလူထုအနေဖြင့်ရာသီဥတုအခြေအနေအရဖြစ်ပွားသည့် ရာသီတုပ်ကွေး၊နှာစေး၊ ချောင်းဆိုး၊ဝမ်းပျက်ဝမ်းလျှောရောဂါများသာ ဖြစ်ပွားတတ်သည် ကိုတွေ့ရှိရပါသည်။ ကျေးရွာတွင်း ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ပေါမူကျေးရွာ(သို့မဟုတ်) ပန်ဟားကျပ် ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့သွားရောက်ရပြီးသာမန် ရောဂါ ဖြစ်ပွားမှုဆိုပါက ကျေးရွာသူ၊ ကျေးရွာသားများအားကုသမှုများပေးနိုင်ပါသည်။ ကျန်းမာ ရေးပြဿနာကြီးကြီး မားမားမရှိသော်လည်း ကျေးရွာသူ၊ကျေးရွာသားများအနေဖြင့် တစ်ကိုယ်ရေးသန့်ရှင်းရေး၊ ကျန်းမာရေး နှင့် ညီညွတ်သည့်အစားအစာများ စားသုံးရေး၊ အရက်သေစာသောက်သုံးခြင်း၊

ကွမ်းစားခြင်း၏အန္တရာယ် စသည် အခြေခံကျန်းမာရေး အသိများ တိုးပွားရန်လိုအပ်မည်ဟု ကျေးလက်လူထု၏ နေထိုင်မှုပုံစံကို လေ့လာ ခြင်းဖြင့် သိနိုင်ပါသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှု

ကျေးရွာတွင် လုံးဝစာမတက်သူ ဦးရေမှာ ကျား(၂၆)ဦး၊ မ(၃၀)ဦး၊စုစုပေါင်း (၅၆)ဦးရှိကြောင်းသိရှိရသည့်အတွက်အမျိုးသမီးစာမတတ်သူဦးရေ များပြားကြောင်း တွေ့ရှိရပါ သည်။ မူလတန်းအဆင့်စာတက်မြောက်သူဦးရေမှာ(၂၀)ဦးရှိပြီး အလယ်တန်းအဆင့် ပညာသင်ကြားတက်မြောက်သူ(၄)ဦး၊အထက်တန်းအဆင့် ပညာသင်ကြား တက်မြောက်သူ(၆)ဦး၊ တက္ကသိုလ်/ကောလိပ်ပညာ သင်ကြား တက်မြောက်သူ(၆)ဦးရှိပါသည်။ပင်စုံကျေးရွာ ရှိ ကျောင်းသူ ကျောင်းသားများမှာနန်းဟူးကျေးရွာအုပ်စု၊ ပင်လုံကျေးရွာရှိ အ.မ.က (အခြေခံပညာမူလတန်း ကျောင်း)တွင် လည်းကောင်း၊ ပလီလင်းကျေးရွာရှိ အ.ထ.က(အခြေခံပညာအထက်တန်းကျောင်း) တွင် လည်းကောင်းတက်ရောက်ကြပါသည်။ မိဘများ၏အဆင်မပြေမှု၊ ငွေကြေး မတက်နိုင်မှုများကြောင့် အထက်တန်းပညာအဆင့် တွင် အောင်မြင်မှုနည်းပါးပါ က မိဘများ၏ စိုက်ပျိုးရေး လုပ်ငန်းများတွင်သာ ဝင်ရောက်လုပ်ကိုင်ကြပါသည်။ အလယ်တန်းအဆင့် ပညာသင်ကြား တက်မြောက်သူများမှာလည်းကျေးရွာတွင် အလုပ်အကိုင်အခွင့် အလမ်းရှားပါး ခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်းတို့ကြောင့် နိုင်ငံရပ်ခြား(ထိုင်း)သို့ သွားရောက် လုပ်ကိုင်နေရပါ သည်။

(စ) ကျား၊မဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး အများစုမှာ မူလတန်းပညာအဆင့်ထိ အတန်း ပညာပြီးဆုံးခဲ့သော်လည်းအမျိုးသားဦးရေမှာအမျိုးသမီးဦးရေထက်အလယ်တန်း ပညာအဆင့် တက်မြောက်မှုများပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်း အဖွဲ့အစည်းများ (မိဘဆရာ အသင်း၊ လူငယ်ပရဟိတအသင်း၊ကျေးရွာဖွံ့ဖြိုးမှုအသင်း)စသည်တို့တွင် အမျိုးသမီးများ ပါဝင်ဖွဲ့စည်းထားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအစည်းအဝေးပွဲများတွင်လည်း အမျိုးသမီး များမှ တက်ကြွစွာပါဝင်ဆွေးနွေးနိုင်ကြောင်း ၊ အမျိုးသား ၊ အမျိုးသမီးခွဲခြားဆက်ဆံမှုမရှိပဲ တန်းတူ အခွင့်အရေးပေးထားပါသည် ။

(ဌ) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ပင်စုံကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော် နှင့် ဒေသ ဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ချမှတ် အကောင်အထည် ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်းခြံ အုပ်ချုပ်ရေးအဖွဲ့၊ မိဘဆရာအသင်း၊ လူငယ်ပရဟိတအသင်း၊ ကျေးရွာဖွံ့ဖြိုးမှုအသင်းတို့ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများကို အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့များကအဓိကဦးဆောင်ဆောင်ရွက်ပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ တောင်ယာဧက(၂၀၀)ဧကခန့်ရှိပါသည်။ မိုးရာသီတွင် အဓိကထား စိုက်ပျိုးကြပါ သည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီးအခြားဝင်ငွေရလုပ်ငန်းသည်နိုင်ငံရပ်ခြား(ထိုင်း) နိုင်ငံများသို့သွားရောက် လုပ်ကိုင်ကြသူ များပြားသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဆေးဆိုင်၊ အိမ်ဆိုင်၊ လက်သမား၊ ပန်းရံ၊ ကားမောင်း၊ စက်ပြင်၊ ပန်းပဲ၊ စသည် လုပ်ငန်းများလုပ်ကိုင်ကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့ဝ်ခွဲမှု

ကျေးရွာတွင် တောင်ယာလုပ်ငန်း (ပြောင်းနှင့်စပါး)ကို အများဆုံးစိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ သို့ရာတွင် ပြောင်းများ စိုက်ပျိုးရာ၌ ပိုးသတ်ဆေးများကို အသုံးမပြုပါ။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများလာရောက်မှု မရှိပါ။ ကျေးရွာသူ၊ ကျေးရွာသားများသည် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့ အတွက် ချေးငွေရရှိမှုအခက်ခဲများ နှင့် ကြုံတွေ့ရပါက ကျေးရွာအတွင်းအဆင်ပြေသော အိမ်ထောင်စုများ ထံမှ ငွေရှင်းနှင့်ချေးငွေသဘောတူညီချက်ဖြင့်ငွေ(၁၀၀)ကျပ်လျှင်အတိုးငွေ (၃)ကျပ်၊(၄)ကျပ် ဖြင့်ချေးယူနေရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့ဝ်ပတ်ဝန်းကျင်သန့်ရှင်းရေး

ပညာရေးအနေဖြင့် ပင်စုံကျေးရွာ ရှိ ကျောင်းသူ ကျောင်းသားများမှာနန်းဟူးကျေးရွာအုပ်စု၊ ပင်လုံကျေးရွာရှိ အ.မ.က (အခြေခံပညာမူလတန်း ကျောင်း)တွင် လည်းကောင်း၊ ပလီလင်းကျေးရွာရှိ အ.ထ.က(အခြေခံပညာအထက်တန်းကျောင်း) တွင် လည်းကောင်း တက်ရောက်ကြပါသည်။ ကျေးရွာတွင် မူလတန်း ၊ အလယ်တန်း နှင့် အထက်တန်း ပညာတက်မြောက်သူဦးရေအသင့်အတင့်ရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ပေါမူကျေးရွာ(သို့မဟုတ်) ပန်ဟားကျပ် ကျေးရွာ ရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ရပါသည်။တောင်ကြီးမြို့နှင့်လည်း (၇)မိုင်ခန့်သာဝေးကွာသဖြင့် ဆေးရုံ ၊ ဆေးပေးခန်း နှင့် ဆိုင်သော ကျန်းမာရေး ဝန်ဆောင်မှု များနှင့် လက်လှမ်းမီပါသည်။

သောက်သုံးရေအတွက် ကျေးရွာ၏ မြောက်ဘက်တွင်ရှိသော ပေါမူသဘာဝရေထွက်မှ ပိုက်ဖြင့် သွယ်ယူပြီးအသုံးပြုကြပါသည်။ သောက်သုံးရေအတွက်တစ်နှစ်ပတ်လုံး ရေ လုံလောက်မှု မရှိပါ။ယင်လုံအိမ်သာ(ရေလောင်းအိမ်သာ)ကိုသာအသုံးပြုနိုင်ပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက်ကျေးရွာ၏ သာရေး၊ နာရေး၊ ရိုးရာယဉ်ကျေးမှုလုပ်ငန်းများ ဆောင် ရွက်ရန်အတွက် ခန်းမအဆောက်အဦလိုအပ် ပါသည်။ အဘိုးအဘွားများဥပုတ် သီလ ဆောက် တည်ကြသောကာလများနှင့် သာရေးနာရေးပွဲများတွင် လူငယ်အဖွဲ့မှ လူကြီးများနှင့် အတူ တက်တက်ကြွကြွပါဝင်ကူညီကြပါသည်။

(ဇ) အခြေခံအဆောက်အဦးများလက်လှမ်းမီမှု လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဝေါ ဆက်သွယ်ရေး

ကျေးရွာရှိရွာလယ်လမ်းနှင့် ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပါသည်။ တောင်ကြီးမြို့ ပေါ်သို့ ကုန်ပစ္စည်းများ ရောင်းချရာတွင် သွားလာရေးအတွက် ဆိုင်ကယ်နှင့်ကား တို့ကို အသုံးပြုကြပါသည်။ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် လမ်းချော်မှုများ ဖြစ်ပေါ်သဖြင့် နှစ်တိုင်းကိုယ်ထူကိုယ်ထဖြင့် သဲခင်းသော်လည်း ရေတိုက်စားကာ သွားလာရအခက်အခဲရှိပါသည်။

ကျေးရွာရှိ အိမ်ထောင်စု အများစုမှာ လျှပ်စစ်မီး အသုံးပြုကြပါ သည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ လျှပ်စစ်မီးသုံးစွဲနိုင်သော်လည်း အဆင်မပြေ သော အိမ်ထောင်စုများမှာ မီတာတပ်ဆင်ရန် ငွေကြေးမရှိပါသောကြောင့် တစ်ပိုင်တစ်နိုင် ဆိုလာမီးများကို သာအသုံးပြု နေကြရပါသည်။မိုးရာသီတွင်နေရောင်ခြည်ကောင်းစွာ မရသဖြင့် မီးကောင်းစွာမရပါ။ ချက်ပြုတ် ရန် အတွက် ထင်းမီးကိုသာ အဓိက သုံးစွဲနေရပါ သည်။

ကျေးရွာရှိ အိမ်ထောင်စုများမှာ တယ်လီဖုန်းအသုံးပြုကြပါသည်။ ဆက်သွယ်ရေး ကွန်ယက်များအနေဖြင့်(တယ်လီနော၊အောရီဒူး)လိုင်းများအသုံးပြုရ အဆင်ပြေပါသည်။ ဖုန်းဖြင့် အင်တာနက်သုံးစွဲကြသော်လည်း face book သာအသုံးပြုကြပြီး အခြား သတင်း အချက်အလက် များ အသုံးပြုသူနည်းပါးသည်။ ကျေးရွာတွင် ကလေးလူငယ် များ အသိပညာ ၊ အတတ် ပညာနှင့်

ဗဟုသုတများ သိရှိမှု နှောင့်နှေးနေပါ၍ စာကြည့်ခြင်း နှင့် စာဖတ်ခြင်း အားကောင်းလာစေရန်စိတ်အားထက်သန်မှုများရှိနေပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ဝ်ပြည်သူလုံခြုံရေး

ကျေးရွာအတွင်း မှုခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိ၍ တည်ငြိမ်အေးချမ်းမှုရှိပါ သည်။ အရေးပေါ်ပေါ်ပေါက်လာပါက ရဲစခန်းသို့ အလွယ်အတူချိတ်ဆက် ဆောင်ရွက် နိုင်ပါသည်။ ကျေးရွာအတွင်း အမျိုးသမီးများအား အကြမ်းဖက်ခံရမှုများလည်းမရှိပါ။

(ဉ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံစိုက်ပျိုးရေးအတွက်ကောင်းမွန်သော မိုးရွာသွန်းမှုပုံစံရှိခြင်း၊ သီးနှံစုံ ဖြစ်ထွန်းနိုင်သောအပူချိန်၊ သဘာဝပတ်ဝန်းကျင်စသည့်ရာသီဥတုအခြေအနေကောင်းများ ရှိခြင်း ကြောင့် စျေးကွက်ဝင်သီးနှံစုံ (ဥပမာ-ထောပတ်ပင်များ၊ကော်ဖီပင်များ၊ဟင်းသီးဟင်းရွက်ပင်များစသည်) စိုက်ပျိုးထုတ်လုပ်နိုင်သောအလားအလာကောင်းများရှိပါသည်။ကျေးရွာ၏ အဓိက စီးပွားရေး လုပ်ငန်းမှာ ဟင်းသီးဟင်းရွက်၊သစ်သီးဝလံ စိုက်ပျိုးရောင်းချသည့်ဝ် လုပ်ငန်း ဖြစ်သည့်အတွက် သီးနှံရောင်းဝယ်ဖောက်ကားမှု စျေးကွက်၊ သီးနှံပွဲရုံ၊ အဝယ်ဒိုင်များ ထားရှိရန် လိုအပ်ပါသည်။ ထို့ပြင် လမ်းပန်းဆက်သွယ်ရေး ၊ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုများရရှိရန် ခက်ခဲမှုမရှိသောကျေးရွာဖြစ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများမှာလည်း ဘိုဘွားစဉ်ဆက် စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ခဲ့သောဒေသဖြစ်သည့်အလျောက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းကိုသာ ကျွမ်းကျင်မှုရှိကြပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင် အေးမြပြီး ရာသီဥတုသင့်တင့်မျှတမှုရှိပါသဖြင့် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့်မိသားစု နေ့စဉ် စားဝတ်နေရေး အတွက်ဟင်းသီးဟင်းရွက်စိုက်ခင်းမှ နေ့စဉ်ဝင်ငွေရရှိပါသည်။ ကျေးရွာပတ်ဝန်းကျင် တွင် သဘာဝသယံဇာတများ ဖြစ်သည့် ကုန်းမြင့်ယာမြေနှင့်ဥယျာဉ်ခြံများစိုက်ပျိုးနိုင်သည့်မြေသယံဇာတများရှိခြင်း၊ စားကျက်မြေအဖြစ်အသုံးပြုနိုင်သည့် သဘာဝသစ်တောမြေများရှိခြင်း ကြောင့် သီးနှံထုတ်လုပ်ရေးနှင့်တိရိစ္ဆာန်မွေးမြူရေးတို့လုပ်ကိုင်မည်ဆိုပါက လုပ်ကိုင်နိုင်မည့် အခြေအနေကောင်းများလည်းရှိပါသည်။ကျေးရွာအနီးရှိသော ကျေးရွာပိုင်သဲတောင်မှသဘာဝမြေသယံဇာတ အား စနစ်တကျထုတ်ယူ၍ သုံးစွဲခြင်း၊ ရောင်းချခြင်းများပြုလုပ်မည်ဆိုပါက ကျေးရွာ၏ ရန်ပုံငွေ တိုးတက်လာနိုင်သော အလားအလာကောင်းများ ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နှင့် နီးစပ် သည့်ကျေးရွာ ဖြစ်သည့်အတွက်ဒေသအနေအထားအရကျယ်ပြန့်သော ဈေးကွက်သို့ လမ်းပန်း ဆက်သွယ်ရေး နှင့် သယ်ယူပို့ဆောင်ရေးဂန်ဆောင်မှုကောင်းများအား လက်လှမ်းမီမှုအခြေအနေကောင်းများလည်း ရှိပါ သည်။ ကျွန်ုပ်တို့ကျေးရွာအနေဖြင့် တောင်ကြီးမြို့နှင့် (၁၄) မိုင်သာဝေးကွာသဖြင့် အခြား ကျေးရွာသို့ လွယ်ကူစွာသွားလာနိုင်ခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများသည် ယခင်အချိန်အထက် ပို၍ကောင်းမွန်လာပြီး အလုပ်အကိုင်အခွင့်အလမ်း ကောင်းများလည်း ရရှိနေပြီဖြစ်ပါ သည်။

(ခ)အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

သီးနှံစုံစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဟန့်အတားတစ်ခုမှာ ရာသီဥတု ပြောင်းလဲမှု အရသစ်တောပြုန်းတီးမှုကြောင့်မိုးခေါင်မှုများကြုံတွေ့လာရခြင်း၊ တစ်နှစ်ပတ် လုံးသီး ပင်စားပင်များစိုက်ပျိုးနိုင်ရေးအတွက်စိုက်ပျိုးရေရှိရေးအစီအစဉ်များ ရှာဖွေဖော်ထုတ်ရန် လိုအပ်ပါမည်။

ဟင်းသီးဟင်းရွက်သီးနှံများခူးယူရိတ်သိမ်းချိန်၌ နီးစပ်လျက်ရှိသောအခြား ကျေးရွာများ၊ အခြားဒေသများ ခူးယူရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်သည့်နှစ်များတွင်ဈေးကွက်ကျ ဆင်းမှုများ တွေ့ကြုံရခြင်း၊စားသုံးကုန်များဖြစ်သောဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ သီးနှံများမှာ ဈေးကွက်သို့ အချိန်မှီမရောက်ရှိပါက ပုတ်လွယ် ၊ ပျက်စီးလွယ်သည့် အတွက် သီးနှံ သိုလှောင်ရုံ မရှိခြင်းကြောင့် သိုလှောင်ရန် အခက်အခဲရှိပါသည်။စုပေါင်း၍ သိုလှောင်သိမ်းဆည်းပြီး တာရှည် အထားခံသော ကုန်ချောထုတ်လုပ်မှုစနစ်သို့ ပြောင်းလဲရန်မှာလည်း ကျေးရွာအတွက် စိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်ပါသည်။

ကျေးရွာရှိ ဝင်ငွေနည်းသော မိသားစုများမှ သီးနှံစိုက်ပျိုးစရိတ်၊ တိရိစ္ဆာန်မွေးမြူစရိတ်၊ အသေးစားလုပ်ငန်းငယ်များ တည်ထောင်လည်ပတ်လုပ်ကိုင်ရန် စရိတ်တို့အတွက် သင့်လျော် သောချေးငွေ၊ ငွေကြေးဂန်ဆောင်မှုမရရှိခြင်းမှာလည်း ကျေးရွာလူထုဖွံ့ဖြိုးရေးအတွက် အဟန့်အတား ဖြစ်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများဒေသတွင်းဌာန ဆိုင်ရာများမှ ကျေးရွာဖွံ့ဖြိုး ရေးအစီအစဉ်အနေဖြင့် လာရောက်ကူညီဆောင်ရွက် ပေးမည်ဆိုပါက ကျေးရွာလူထု၏ လိုအပ်ချက်များအားထိရောက်စွာဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ်မျိုးဖြစ်ရန် လိုအပ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင်

ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းချက်များချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သော အဖွဲ့နှင့် တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်

ထားပါသည်–

(၁) ကျေးရွာလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ကျေးရွာအခြေခံ အဆောက်အဦများဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာရေး၊

(၂) ကျွန်ုပ်တို့ကျေးရွာတွင်သီးနှံထုတ်လုပ်ခြင်း၊ တိရိစ္ဆာန်မွေးမြူရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊စက်မှုလက်မှုလုပ်ငန်းနှင့်အခြားဝင်ငွေ ရသောလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ ၏ ဝင်ငွေတိုးတက်လာရေး ၊

(၃) ကျေးရွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် သဘာဝပတ်ဝန်း ကျင် ကောင်းများပိုင်ဆိုင်သောကျေးရွာဖြစ်လာစေရေး။

(ခ) နည်းဗျူဟာ

(၁) ကျွန်ုပ်တို့ချမှတ်ထားသောရည်မှန်းချက်ပန်းတိုင်များသို့ရောက်ရှိရေး အတွက် ယခုလက်ရှိ ဖွဲ့စည်းလိုက်သော ကျေးရွာကော်မတီသည် အစိုးရဌာန များ ၊အခြား ပြင်ပအဖွဲ့အစည်းများ၊ပုဂ္ဂိုလ်လုပ်ငန်းရှင်များနှင့်ဆက်သွယ်၍ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်များအားဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်မည်။

ပြင်ပမှနည်းပညာ၊ငွေကြေးစသည့်ဝ ဝန်ဆောင်မှုအကူအညီများရရှိရေးအတွက် ဦးဆောင်သွားမည်ဖြစ်သည် ။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးရွာ အတွင်းရှိ အခြားအဖွဲ့၊ ကော်မတီများနှင့်လည်း ညှိနှိုင်းတိုင်ပင်၍ လုပ်ငန်း

တာဝန်များ ခွဲဝေအပ်နှင်း ဆောင်ရွက်မည်။

(၂) သီးနှံစိုက်ပျိုးမှုတွင်လည်း မိရိုးဖလာ စိုက်ပျိုးနည်းကိုသာ အားမကိုးပဲ ဒေသ ရာသီဥတုနှင့် ကိုက်ညီသည့် စိုက်ပျိုးနိုင်သော နှစ်ရှည်သီးပင်များဖြစ်သည့် ကော်ဖီ ၊ ထောပတ် ၊ သရက် ကဲ့သို့သော သီးပင်များကို သိပ်ပံနည်းကျ စိုက်ပျိုး

လုပ်ဆောင်ရာ တွင် မျိုးကောင်းမျိုးသန့်များရရှိ၍ အထွက်နှုန်းတိုးတက်လာစေရန်လုပ်ဆောင်သွားမည်ဖြစ်ပြီးစိုက်ပျိုးရေးကဏ္ဍမှ လက်ရှိထုတ်လုပ်နေသည့်ကုန်ကြမ်းများကိုကုန်ချောအဖြစ်သို့မြှင့်တင်ထုတ်လုပ်နိုင်ရန်ဆောင်ရွက်သွားမည်။လိုအပ်သည့်နည်းပညာနှင့်ဗဟုသုတများကိုရယူနိုင်ရန် ဌာနဆိုင်ရာများ၊ပုဂ္ဂလိကလုပ်ငန်း ရှင်များနှင့် ဆက်သွယ်၍ ကျေးရွာတွင်း သင်တန်းများဖွင့်လှစ်ပို့ချခြင်း ဆောင်ရွက် သွားမည်။

(၃) တိရိစ္ဆာန်မွေးမြူရေးကဏ္ဍတွင်လည်း ကျွဲ၊ နွား၊ ဝက်၊ ကြက် မွေးမြူ လာနိုင်စေရန် ရေရှည်စီမံချက်များ ချမှတ်၍ ကျေးရွာသူ၊ကျေးရွာသားများအားလုပ်ကိုင်ချင်စိတ်ရှိလာစေရန် စည်းရုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(၄) ကျေးရွာလူထု (လူကြီး၊လူလတ်၊ လူငယ်)များအတွက် အလုပ်အကိုင် အခွင့်အလမ်း များ ပိုမိုကျယ်ပြန့်လာရေးအတွက် သီးနှံများနှင့် မွေးမြူရေးထွက်ကုန်များထုတ်လုပ်ရောင်းချရေးဆိုင်ရာ အသေးစားလုပ်ငန်းများတည်ထောင်ခြင်း ၄င်းလုပ်ငန်း များလုပ်ကိုင်ရန် ကျေးရွာလူထုအတွက် စွမ်းရည်မြှင့်တင်ရေး နှင့် ဖွံ့ဖြိုးရေး စီမံကိန်း ရရှိအောင် မြို့နယ်ဌာနဆိုင်ရာများ သို့ တင်ပြတောင်းဆိုမည်။

(၅) သက်ဆိုင်ရာဌာနများ၏ အကူအညီကို ရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာများတိုးတက်လာရေး ၊ ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှုတိုးတက်လာရေးအတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်အခြားသက်ဆိုင်ရာကော်မတီတို့ပူးပေါင်းရေးဆွဲ အကောင်အထည်ဖော်မည်။

(၆) မြေဆီလွှာထိန်းသိမ်းရေး၊ပတ်ဝန်းကျင်ရှိသဘာဝပေါက်ပင်နှင့် သစ်တောများပြုန်းတီးမှုလျော့ချရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ အကူအညီယူ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်းများရယူခြင်း၊စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်မည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများနိုင်ငံတော်အစိုးရ၏မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များကိုရည်နှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် တာဝန်ယူဆောင်ရွက်သည့်အကြံ ပေးအဖွဲ့တို့၏ အကြံပြုချက်များအရ ဤ အခန်းကို ပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့် မှသည် ဒေသဆိုင်ရာ အဆင့် ထိမှ တဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်အထိပံ့ပိုးမှုပေးနိုင် မည့်အစိုးရဌာနများ နှင့် အဖွဲ့အစည်းများကိုအကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဝဝ်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ချိတ်ဆက်မှုများ

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စီစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ၊ ဦးစားပေးလုပ်ငန်းစီမံချက်အစီအစဉ်အား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များပါ ဦးစားပေးလုပ်ငန်းစီမံချက်များကိုလည်း သတ်မှတ်ကာလ အတိုင်းပုံမှန်စီစစ်ဆောင်ရွက်သွားပါမည်။ အရေးကြီးသည့်အချက်မှဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာလူထုအနေဖြင့်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင်ဈေးကွက်ဝင် နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးရေး ယင်းသီးနှံများအား သမရိုးကျမဟုတ်ပဲသိပ်ံနည်းကျစိုက်ပျိုးထုတ်လုပ်ရေး၊ထွက်ကုန်သီးနှံများအားထုတ်ပိုးမှု၊ သိုလှောင်သိမ်းဆည်းမှု ဆိုင်ရာအသုံးပြုမှုနည်းပညာနှင့်နည်းစနစ်များဖော်ပြပါထုတ်ကုန်များအားကုန်ချောထုတ်လုပ်မှုဆိုင်ရာနည်းပညာများစသည်တို့တတ်ကျွမ်း နားလည်ရေးနှင့်အသုံးချနိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများလိုအပ်ပါသည်။အလားတူပင် မွေးမြူရေးကဏ္ဍတွင်လည်းတိရိစ္ဆာန် ရောဂါကာကွယ်ကုသရေး တနိုင်တပိုင်မွေးမြူရေးစနစ်ဖြင့် မွေးမြူနည်းများ၊ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများလည်းလိုအပ်ပါမည်။မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်ဖော်ပြပါ ကိစ္စရပ်များအတွက် ကျေးရွာလူထု၏လိုအပ်ချက်များအား ထိရောက်စွာ ကူညီပံ့ပိုးပေးနိုင်မည့် အစီအစဉ်များ လိုအပ်ပါမည်။

(ဂ) ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရန်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေး

မြို့နယ်အဆင့်တွင်အသေးစားနှင့်အလတ်စားစီးပွားရေးကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုး မှုသာ ကျေးရွာထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက်ကုန်စည်စီးဆင်းမှုများကောင်းမွန်မည် ဖြစ်ပါသည်။ထို့ကြောင့်သီးနှံထုတ်လုပ်ရေး၊ထုတ်ကုန်များ ၊ သိုလှောင်ရေး၊ရောင်း ဝယ်ဖောက်ကားရေး တို့အတွက်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးရန်အခြေအနေကောင်းများဖန်တီး နိုင်မည့် မူဝါဒများ လိုအပ်ပါသည်။

(ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

အစိုးရဘဏ်လုပ်ငန်း ၊ ပုဂ္ဂလိကဘဏ် လုပ်ငန်းများကိုလည်း အဆင်မပြေသောတောင်သူနှင့်ဝင်ငွေအသင့်အတင့်ရှိသောတောင်သူ၊ဝင်ငွေအလယ်အလတ်ရှိသောတောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန်နည်းစနစ်များကို ပြောင်းလဲချမှတ် သင့်သည်။ အထူးသဖြင့်တောင်ယာစိုက်ပျိုးရေးလယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါ သည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဝင်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

စီမံချက်များသည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက် နိုင်စေမည့်နည်းဗျူဟာများအဖြစ်သို့ရောက်ရှိလာအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည် ။ ယခုရေးဆွဲထားသောစီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အဆိုပါစီမံချက်များသည် ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

(ခ) ကဏ္ဍာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထုနှင့် ငါးနှစ်တာကာလအတွက်ရေးဆွဲထားသည့်အ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် စီစစ်ရေးဆွဲထားသည့် ဦးစားပေးစီမံချက်များမှာပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပါ၊ကျေးရွာလူထုအနေဖြင့် စီမံချက် များကို အကောင်အထည်ဖော်ဆောင်ရွက်မှု(၂)နှစ်၊(၃)နှစ်ကာလကျော်လွန်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်းဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်လုပ်ဆောင်ရန်လိုအပ်လာပါမည်၊ ဆိုးရွားသော သဘာဝဘေးအန္တရာယ်ကျရောက်မှုများ မရှိခဲ့လျှင်ငါးနှစ်တာဖွံ့ဖြိုးရေး စီမံချက်သည်ပြောင်းလဲမှု ရှိမည်မဟုတ်သော်လည်းကျေးရွာ၏ အမှန်လိုအပ်ချက် အရစီမံကိန်း ငါးနှစ်တာအတွင်းထပ်တိုးစီမံချက်များရှိလာနိုင်ပါသည်။ ထို့ကြောင့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက်

ဘဏ္ဍာရေး နှစ် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကိုပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ကျေးရွာတွင်ဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက် သဘာဝဘေးအန္တရာယ် ၊ အခြားအရေးပေါ်ကိစ္စများနှင့် ဘတ်ဂျက်များပေါ်မူတည်၍ စီမံချက်ပါဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ကျေးရွာ၏ငါးနှစ်တာအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(၈) ဦးစားပေးစီမံချက်

ကျွန်ုပ်တို့ကျေးရွာ၏ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင်ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ပေါ်လာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူ ကျေးရွာသား၊ကျေးရွာသူ အုပ်စု(၅)အုပ်စုရှိအဖွဲ့ဝင်များမှဦးစားပေးရမည့်စီမံချက်များကိုအမှတ်ပေးကြပါသည် ။ အချို့သောစီမံချက်များကိုဆောင်ရွက် ရာတွင်နည်းပညာပိုင်းဆိုင်ရာနှင့်ငွေကြေး အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည် ။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ ကဏ္ဍခွဲ	စီမံချက်	ရှိမှတ်ပေါင်းဝ	ဦးစားပေးအဆင့်	စီမံချက်အကြောင်းအရာဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေးကဏ္ဍ	မိရိုးဖလာစိုက်ပျိုးနည်းမှသိပ္ပံနည်းကျစိုက်ပျိုးရေး၊ သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက်စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများရရှိအောင်ဆောင်ရွက်ခြင်း		၇	စိုက်ပျိုးရေးလုပ်ငန်းအတွက် မိသားစုတစ်စုချင်းဝင်ငွေတိုးတက်ရရှိစေရန်(စိန်တလုံး၊ ပိန္နဲ) များတိုးတက်စိုက်ပျိုးခြင်း၊သိပ္ပံနည်းကျစိုက်ပျိုးရေးသင်တန်းပေးခြင်း၊ မြေဆီလွှာထိန်းသိမ်းနည်းသင်တန်းပေးခြင်း၊	
ဘဏ်နှင့်ငွေကြေးပန်ကောင်မှုလုပ်ငန်း	ကျေးရွာတွင်ချေးငွေရရှိနိုင်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း		၉	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး	
ကျန်းမာရေးကဏ္ဍ	ကျန်းမာရေးဆိုင်ရာအသိပညာဗဟုသုတကျွမ်းကျင်မှုများရရှိအောင်ဆောင်ရွက်ခြင်း		၇	ကျန်းမာရေး ဟောပြောပွဲများကျင်းပခြင်း	
စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်	အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်		၃	သက်ဆိုင်ဦးစီးဌာနများ (စိုက်ပျိုးရေး၊စက်မှု၊လက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)များနှင့်	

ငန်းများ	လှစ်ပို့ချနိုင်အောင် ဆောင်ရွက်ခြင်း			ဆက်သွယ်၍ စက်မှုလက်မှု သင်တန်းများနှင့်သက်/မွေး သင်တန်းများဖွင့်လှစ်ခြင်း	
ကဏ္ဍ/ ကဏ္ဍခွဲ	**စီမံချက်**	**ရမှတ်ပေါင်းများ**	**အဆင့်**	**စီမံချက်အကြောင်းအရာဖော်ပြချက်**	**မှတ်ချက်**
ပညာရေး ကဏ္ဍ	ကလေးသူငယ်များကို ပြုစုစောင့်ရှောက်နိုင်ရေး		၅	မူကြိုကျောင်းဆောက်လုပ်ခြင်း	
အခြေခံအဆောက် အဦကဏ္ဍ	လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရေး		၁ ၁၀	ကျေးရွာတွင်း မြေသားလမ်းခင်းခြင်း ရွာလယ်လမ်းပြုပြင်ခြင်း	
	တစ်နှစ်ပါတ်လုံးသောက်သုံးရေလုံလောက်စွာရရှိရေး		၈	အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းဆောင်ရွက် ခြင်း	
လျှပ်စစ်	လျှပ်စစ်မီးလင်း ရေး		၄	အိမ်တိုင်းလျှပ်စစ်မီးလင်း ရေး	
လူငယ်ကဏ္ဍ	လူငယ်များအသိအငြြင်ဖဟုသုတများတိုးပွားစေ ရေး		၂	လူငယ်များဗဟုသုတဖြစ်စေမည့်ဟောပြောပွဲများဆောင်ရွက်ခြင်း၊ စာကြည့်တိုက်တည်ဆောက် ခြင်း	
	လူငယ်များအတွက်ကျေးရွာ၏သာရေး၊နာရေး၊ ရိုးရာယဉ်ကျေးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး		၆	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုမှ ဖော်ထုတ် ရေးဆွဲထားသော ဦးစားပေး စီမံချက်များ ကိုအကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲ ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုလည်း နှစ်စဉ် ပြုပြင်ရေးဆွဲ သွားပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားဖြင့် ဖော်ပြ ထားပါသည် -

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း	၁	✓				
၂	စာကြည့်တိုက်တည် ဆောက်ခြင်း	၂	✓	✓			
၃	ကျေးလက်အသက်မွေးဝမ်း ကျောင်းအထောက်အကူပြု သင်တန်းများဖွင့်လှစ်ခြင်း	၃		✓	✓	✓	✓
၄	အိမ်တိုင်းလျှပ်စစ်မီးလင်း ရေး	၄				✓	✓
၅	မူကြိုကျောင်းဆောက်လုပ် ခြင်း	၅					✓
၆	ကျေးရွာတွင်းမြေသားလမ်း ခင်းခြင်း	၆					✓
၇	စိုက်ပျိုးရေး၊ကျန်းမာရေး ဟောပြောပွဲများ ကျင်းပခြင်း	၇	✓	✓	✓	✓	✓
၈	အိမ်တိုင်ရာရောက် ရေပေး ရေးလုပ်ငန်းဆောင်ရွက် ခြင်း	၈		✓			
စဉ်	**စီမံချက်**	**ဦးစားပေး အဆင့်**	**၂၀၁၉**	**၂၀၂၀**	**၂၀၂၁**	**၂၀၂၂**	**၂၀၂၃**
၉	မြစိမ်းရောင်ကျေးရွာစီမံ ကိန်းရရှိရေး	၉					✓
၁၀	ရွာလယ်လမ်းပြုပြင်ခြင်း	၁၀		✓			

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း အစီအစဉ် ရေးဆွဲရာ တွင် စီမံကိန်းတွင် ပါဝင်သော အကောင် အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းနှင့် သက်ဆိုင်သောအကြောင်းအရာ များကိုလုပ်ငန်းတစ်ခုချင်းစီအလိုက်အသေးစိတ်ဖော်ပြထားပါသည်။၄င်းထဲတွင် စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုး ခံစားဦးရေ၊အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင် ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည် ။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက် အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသတွင်း ဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊သဘာဝ ဘေးအန္တရာယ်၊အခြားအရေးပေါ် ကိစ္စရပ်များ နှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်ပြီးဦးစားပေး အစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင် တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရ မည်ဖြစ်သည် ။

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်ဝ်နည်းလမ်းနှင့်အစီအစဉ် များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုမှ ဦးဆောင်အကောင်အထည်ဖော် မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန် ရှိပါသည် ။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံး အောင်မြင်အောင် ဆောင်ရွက်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးကို အဓိက တာဝန်ယူဆောင်ရွက်ရပါမည်။အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေ အပ်နှင်းပြီး သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်ရန် ဦးဆောင်ပါမည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင် သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ် ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစား များအတွက် အောက်ပါ အဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည် ။ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်း လုပ်ငန်း တွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန် မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည်တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည် ။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ အစီအမံများ

ပင်စုံကျေးရွာ ကော်မတီအနေဖြင့် စီမံချက်ပါလုပ်ငန်းတစ်ခုချင်းစီ အတွက် နှစ်အလိုက်ရရှိရေးနှင့် စီမံချက်ပါ လုပ်ငန်းတစ်ခုချင်းစီအတွက် နှစ်အလိုက်ရရှိရေးနှင့် ရရှိလာမည့် စီမံချက်ပါ လုပ်ငန်းများအား ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိ ဆောင်ရွက် သွားပါမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများနှစ်အလိုက်ရရှိရန် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ အဖွဲ့များအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့်လမ်းပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင် ထိန်းသိမ်းရေးအတွက် မိဘ၊ဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည် ။

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်အားအကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများ အားစနစ်တကျစောင့်ကြည့်ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။ အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးစင်း လွယ်ကူသော နည်းလမ်းကိုအသုံးပြုပါမည် ။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကိုဆောင်ရွက်ရာ တွင် ကျေးရွာလူထုဗဟိုပြု၍အားလုံး ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် ကျေးရွာအတွင်းရှိအဖွဲ့ အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ ပူးပေါင်းပါဝင်လာအောင်စည်းရုံးဆောင်ရွက်ပါမည် ။

(က) ကြီးကြပ်စစ်ဆေးခြင်း

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်ဆိုင်ရာ တိုးတက်မှု နှင့်ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စေပါမည်။ ၄င်းစစ်ဆေးခြင်းကို(၃)လ ပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ၏စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက် နေသာအဖွဲ့အသီးသီးတို့ကမိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။ အဖွဲ့ အသီးသီး၊ ကော်မတီအသီးသီးသည်မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည် ။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်းများဖြစ်ပါသည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီ၏အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ကျေးရွာ လူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီကဦးဆောင်ပါမည်။(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါ အချက်များပေါ်တွင်ဦးတည်ပါမည်-

(၁) လုပ်ငန်းပိုင်ဆိုင်ရာတိုးတက်မှု

စီမံကိန်းလုပ်ငန်းများ လုပ်ငန် တိုးတက်မှုနှင့် ပြီးမြောက်မှု အတိုင်းအတာ ၊ များနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေး နည်းဗျူဟာနှင့် စီမံချက်များ ။

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်း ပြီ:စီးမှု၊ (၃)လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန် ၊ငွေသား

နှင့် ငွေသားမဟုတ် သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့ရသော အခက်အခဲများပြဿနာများ၊ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်(၃) လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာတွင်အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများကျေးရွာသူ၊ ကျေးရွာသားများပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ ၊ လိုအပ်သော အကူအညီထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးပြီးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်ပေါင်းစုံမှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။နှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ ၊ ပုဂ္ဂိုလ်က လုပ်ငန်းရှင်များ)
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့်သက်ဆိုင်သော မြို့နယ်ဦးစီးဌာန
- များ
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ(ဥပမာ မြို့နယ်အတွင်းရှိ NEO ၊ INGO အဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင်ထိုကဲ့သို့ဖိတ်ကြားခြင်းဖြင့်ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင် သော အခွင့်အလမ်းကို ရရှိမည်ဖြစ်ပါသည်။ ဤအကြံပြုချက်များဖြင့်

ကျေးရွာ၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နည်းပညာပိုင်းဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးခြင်းအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်း ပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၁	၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၇	၁၁	၁၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆	၁၃	၁၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇	၄	၁၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၇၆	၈၉	၁၆၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈	၅	၁၃
	စုစုပေါင်း	၁၀၈	၁၂၃	၂၃၁
စုစုပေါင်း အိမ်ထောင်စု = ၅၉				

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ <u>ပင်စုံကျေးရွာရှိတစ်နှစ်အောက်ကလေးဦးရေကို ကြည့်ခြင်းဖြင့် မွေးဖွားမှုနှုန်းနည်းကြောင်း တွေ့ရပါ သည်။ ၁၅နှစ် မှ ၆၄ နှစ်အထိ လူဦး ရေကိုကြည့်ခြင်းဖြင့် အလုပ်လုပ်နိုင်သူဦးရေများပါသည်။</u>

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၁၇၇		လတ်
	အလုပ်သမား / ဝန်ထမ်း	၉	၁၃		လတ်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				ကျောက်ခွဲ(လတ်)
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☐ နိမ့် ✔
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်✔ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၄	ကုန်စုံဆိုင်(လတ်)
	အလုပ်သမား / ဝန်ထမ်း				ဈေးဆိုင်အကူ(လတ်)
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /				စားဖိုမှူး၊ ဆိုင်အကူ

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				(လတ်)
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				ကားမောင်း(လတ်)
	အလုပ်သမား / ဝန်ထမ်း				စက်မောင်း(လတ်)
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဝပ် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				ကျောင်းဆရာ၊ဆရာမ (လတ်)
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း				ဆရာဝန်(လတ်)
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား			၁၇	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐ စာရင်းကိုင်(လတ်)
	အလုပ်သမား / ဝန်ထမ်း				
	စုစုပေါင်း	၅၉	၁၉၀	၂၈	☒

ရင်းမြစ် … (၁)အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၀်၊ လတ်၊ မြင့်၀်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည် ။ ဥပမာ -" **စိုက်ပျိုးရေး** " ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု**"မြင့်"**ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည် ။

လေ့လာတွေ့ရှိချက်။ ။ အစိုးရဝန်ထမ်းမရှိသလောက်နည်းသည်ကိုကြည့်ခြင်းဖြင့် ဘွဲ့ရ၊ ပညာတတ်ဦးရေနည်းသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပြီး ပြောင်း နှင့် စပါးကို အများဆုံးစိုက်ကြသည်။ နွေရာသီတွင်အမျိုးသမီးများအလုပ်ရှားပါး သဖြင့် ငွေကြေး အခက်အခဲများ ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	-	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	–	၈၀၀၀	–
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊လယ်သမား အုပ်စု။

မှတ်ချက်။ (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏

တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာတွင် စိုက်ပျိုးရေးနေ့စားလိုက် အလုပ်သမားများသည် ယောကျ်ားလေးနှင့် မိန်းကလေး လုပ်အားခ ကွာဟမှုရှိသည်။ စိုက်ပျိုးရေးတွင် အလုပ်ကြမ်းသောကြောင့် ဖြစ်သည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	-	
ယာမြေ / တောင်ယာမြေ	၂၀၀	သင့်
ဥယျာဉ်ခြံမြေ	-	
ကိုင်း/ကျွန်းမြေ	–	
ခနိတောမြေ	–	
စားကျက်မြေ	–	
မြေလွတ် မြေလပ်	-	
စုစုပေါင်း	**၂၀၀**	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုး ရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ် သည့်

မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာတွင် စိုက်ပျိုးမြေဧက (၂၀၀)ကျော်သည်။ သဲတောင်၊ကျောက်တောင်များ မရှိပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်စသည်။)	မရှိ	အသုံးမပြုနိုင်ပါ
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	မရှိ	အသုံးမပြုနိုင်ပါ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	နည်း	အသုံးမပြုနိုင်ပါ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	☒

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာတွင် ဆေးဘက်ဝင်အပင်များရှိသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များရှိသော်လည်းနည်းပါးသွားပြီဖြစ်သည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၄၀ကမှ၉၀ကအထိ	၁၄၀ကမှ၅၀ကအထိ	၁၄၀က	-
အိမ်အခြေအနေ	နှစ်ထပ်တိုက် (အုတ်)	ပျဉ်ထောင်အိမ်	ထရံအိမ်	ထရံ/ဝါးအိမ်ငယ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	ကား၊ ထော်လာကျီ	ဆိုင်ကယ်	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွား ရေးလုပ်ငန်း	စိုက်ပျိုးရေး၊ ပွဲရုံ၊ မွေးမြူရေး၊	စိုက်ပျိုးရေး၊ အိမ်ဆိုင်	ကြဲရာနေ့စား လိုက်၊	ကြဲရာကျပန်း
အိမ်ထောင်စု	**၁၈**	**၃၀**	**၁၀**	**၁**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ <u>ပင်စုံကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ မြေယာပိုင်ဆိုင်မှုများပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ အသင့် အတင့်ဖြစ်ပါ သည်။</u>

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစားပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား =၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ် ..... ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	_	_	_
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	_	_	_
	အိမ်ထောင်စု အရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု		–	
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု		–	
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု		–	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာတွင် သက်ကြီးရွယ်အို (၆၄)နှစ်အထက် သက်ကြီးရွာအိုများရှိကြပြီး အတူနေမိသားစုဝင်များမှစောင့်ရှောက်မှုပေးလျက်ရှိပါသည်။ မိသားစုစောင့်ရှောက်မှုမရှိသောသူများမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	လတ်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	နိမ့်
၃	ရေကြီးခြင်း	မရှိ
၄	မိုးခေါင်ခြင်း	လတ်
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်
၁၂	ငှက်ဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	မရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာ၏ ထိခိုက်လွယ်မှုအခြေအနေမှာ သဘာဝဘေးဖြစ်သည့် မုန်တိုင်း၊ငလျင်၊မီးနှင့် မြေပြိုမှုများ အဖြစ်နည်းသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မရှိ
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	ဟုတ်ကဲ့
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	ဟုတ်ကဲ့
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မရှိ
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မရှိ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မရှိ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	ဟုတ်ကဲ့
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မရှိ
၉	ငါးကန်ပိုင်ရှင်များ	မရှိ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်ဝဝ်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	နိမ့်
၁၁	လူနည်းစုလူမျိုးများ	မရှိ
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ
၁၄	ရွှေတွင်းလုပ်သားများ	မရှိ
၁၅	ဆေးစွဲသူများ	မရှိ
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မရှိ
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	နိမ့်
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ
၁၉	ရွှေပြောင်းလုပ်သားများ	မရှိ
၂၀	ကားမောင်းပြီး အသက်မွေးသူများ	နိမ့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာသည် ပဒိုင့်လူမျိုးတစ်မျိုးတည်း နေထိုင်သော ကျေးရွာဖြစ်ပြီး ပဋိပက္ခ ဖြစ်ပွားမှု နည်းသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ် ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့အစည်း	၂	၉	၈	၁၇	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေး မြူရေး ☐ သာရေး/နာရေး ✔ ၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ☐ ကာကွယ်ရေး	ကောင်း ☐ သင့် ✔ ညံ့ ☐
၂	ရပ်မိ/ဖ	၂	၉	—	၉	ပညာရေး ✔ ဌေးကြေး ✔ ကျန်းမာရေး ✔ ဘာသာရေး ✔ စိုက်ပျိုးမွေး မြူရေး သာရေး/နာရေး ✔ ၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ✔ ကာကွယ်ရေး	ကောင်း ✔ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ <u>ပင်စုံကျေးရွာရှိ လူငယ်အဖွဲ့အနေဖြင့် ကျေးရွာတွင်း ဆောင်ရွက်သည့် သာရေး၊နာရေး၊ပရဟိတလုပ်ငန်းများတွင် အားတက် သရော ပါဝင်ကူညီ ဆောင်ရွက်ခြင်း၊ ကျေးရွာရှိ ရပ်မိရပ်ဖ၊လူကြီးသူမများ၏ ဦးဆောင်မှုတွင် အားတက် သရော ပါဝင်ခြင်းများရှိသဖြင့် လူငယ်အဖွဲ့အနေဖြင့် စွမ်းဆောင်ရည်ကောင်းများ ရှိပါ သည်။</u>

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်ဝန် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက် ။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစ ကူးလ ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ)(ဥပမာ–Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်)တို့ကိုဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန် ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း များ မရှိပါ။

(ခ) စီးပွားရေးနှင့်ဝင်ငွေမူ အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၁၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၁၇	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		**၈၀**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာအနေဖြင့် မြေယာပိုင်ဆိုင်မှုမရှိသည့် အိမ်ထောင်စု(၆)စု၊ တောင်ယာမြေ ပိုင်ဆိုင်မှု (၂.၅)ဧကအောက် ပိုင်ဆိုင်မှု အိမ်ထောင်စု (၃၈)စု၊ (၂.၅)ဧကမှ (၅)ဧကကြား ပိုင်ဆိုင်မှုအိမ်ထောင်စု(၁၉)စု၊ (၅)ဧကမှ (၁၂.၅)ဧက ကြား ပိုင်ဆိုင်မှု အိမ်ထောင်စု (၁၇)စုရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ✔

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			မဖြေဆိုပါ ☐	မဖြေဆိုပါ ☐
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ ☐
၄	ရေသွင်း မြောင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ ☐
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ	၁	တစ်နှစ်ပတ်လုံး ✔ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး ✔ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ✔ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီး ဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာသည် စိုက်ပျိုးရေးကိုသာ အဓိကထား ဆောင်ရွက်သည့် ကျေးရွာဖြစ်သည့်အတွက် မိုးရေကိုသာအဓိကထားပြီး ကျေးရွာလူထု၏ သောက်ရေသုံးရေတို့အတွက် ဘော်ဇောရေထွက်မှ ရေကို သွယ်တန်းအသုံးပြုနေရသဖြင့် နွေရာသီတွင် ရေလုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပြောင်း	၂၀၀	ပိသာ	၁၀၀၀	၁၅၀၀	၁၂၅၀	ဇွန်	ဇူလိုင်	မြင့်မ ☐ လတ် ✔ နိမ့်မ ☐	မြင့်မ ☐ လတ် ✔ နိမ့်မ ☐
ကြက်သွန်ဖြူ	၂၀၀	ပိသာ	၈၀၀	၁၀၀၀	၉၀၀	အောက်တိုဘာ	ဖေဖော်ဝါရီ	မြင့်မ ☐ လတ် ✔ နိမ့်မ ☐	မြင့်မ ☐ လတ် ✔ နိမ့်မ ☐
စပါး	၁၅	တင်း	၁၆၀	၁၂၀	၁၅	ဩဂုတ်	နိုဝင်ဘာ	မြင့်မ ☐ လတ် ✔ နိမ့်မ ☐	မြင့်မ ☐ လတ် ✔ နိမ့်မ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာတွင် ပြောင်းမှာ ရာသီဥတုကောင်းပြီး မုန်တိုင်းမလာပါက အထွက်နှုန်းကောင်းသည်။ သီးနှံအမြတ်ရရှိမှုမှာ ဈေးနှုန်း ရရှိမှု အပေါ်မူတည်သည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	–	–	–	–
လက်တွန်း	၂၇	–	–	–

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်				
အစေ့ချ ကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	၁	–	–	–
ရေစုပ်စက်	၅	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	-	–	–	–

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ <u>ပင်စုံကျေးရွာတွင် ပြောင်းကိုအဓိက စိုက်ပျိုးသော ကြောင့် အစေ့ချကိရိယာကိုအသုံးပြုပြီး လက်တွန်းထွန်စက်ကိုအသုံးပြုမှုများသည်။ လက်တွန်း ထွန်စက်ကိုငှားရမ်းရာ၌ တစ်နာရီလျှင် (၄၀၀၀)ကျပ်နှုန်းဖြင့် ငှားရမ်းရပြီး ထွန်စက်ကိုငှားရမ်းရာ၌ တစ်နာရီလျှင် (၂၄၀၀၀)ကျပ်နှုန်းဖြင့် ငှားရမ်းခပေးရပါသည်။</u>

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်ပေးအလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✔ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✔ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ✔ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ✔ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✔ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐

အခွင့်ဝပ်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
	သီးနှံများကို ရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာ မြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာတွင် သရက်စိုက်သူ အနည်းငယ်ရှိသည်။ ပြောင်း များကို ကျေးရွာသို့လာရောက်ဝယ်ယူကြပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်ပ် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီသြဇာမကောင်း ✔ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✔ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့်် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ ✔
ချေးငွေနှင့်် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ ✔
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ ✔
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့်် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ✔
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ✔
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ✔
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့်် ဈေးနှုန်းမှန်ကန်စွာဖြင့်် မရောင်းချနိုင်ပါ ✔ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့်် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့််အတင့််ကျ ☐ အနည်းငယ် ✔ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ပြောင်းစိုက်လျှင် မြေယာတဖြည်းဖြည်း မကောင်းလာခြင်းကြောင့် မြေဩဇာများများသုံးနိုင်မှသာ အထွက်နှုန်းကောင်းပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ဝင်ငွေ ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၇	၁၈
နို့စားနွား	–	
ကျွဲ	–	
မြင်း	–	
မြည်း	–	
လား	–	
ဆိတ်	–	
သိုး	–	
ဝက်	–	
ကြက်	–	
ဘဲ	–	
နွားနောက်	–	
ငါးလုပ်ငန်း		
ငါးကန်	–	
ပုဇွန်ကန်	–	
ဂဏန်း မွေးမြူရေးလုပ်ငန်း	–	
ရေချိုငါးဖမ်းလုပ်ငန်း	–	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	–	

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ <u>ပင်စုံကျေးရွာတွင် ပအိုဝ်းလူမျိုးများသာ နေထိုင်ကြ သည့်အတွက် မိရိုးဖလာတိရိစ္ဆာန်မွေးမြူခြင်းလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်ကြ ပသည် ။</u>

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ✔
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်✔ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် ☐ မဖြေဆိုပါ ✔
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင်✔ မဖြေဆိုပါ ☐
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာဝယ်ယူနိုင်သည် ☐ သွင်းအားစုများဝယ်ယူနိုင်သည် ✔ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့်နည်းပညာ ပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ✔

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဧယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ✔
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ✔
ငါး/ပုဇွန်သားပေါက်လက် လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ✔
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ✔
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ✔
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ✔
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
	ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ✔
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ✔

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်စုံကျေးရွာတွင် ကျေးရွာ၏ ထုံးတမ်းအစဉ် အလာ အရ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်လျှက်ရှိသော်လည်း နည်း ပညာ ဖြင့် စနစ်တကျမွေးမြူနိုင်ပါ က စားကျက်မြေကောင်းမွန်မှုရှိခြင်း၊ မျိုးကောင်း မျိုးသန့် ဂယ်ယူမွေးမြူနိုင်ခြင်း၊ ဂန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှုအတွက်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနများသို့ ဆက်သွယ်၍ဂန်ဆောင်မှုကောင်းများ၊ နည်းပညာပံ့ပိုးမှုများ ရရှိနိုင် ခြင်း၊ ထုတ်ကုန်များကိုအလွယ်တကူရောင်းချနိုင်ခြင်းစသည့်အခွင့်အလမ်းများရှိပါသည်။

(၃) မွေးမြူရေးနှင့်ဝဲ သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန် ခေါ်မှုများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေ ရှားပါးသည် ☐ စားကျက်မြေ လုံးဝမရှိပါ ✔ မဖြေဆိုပါ ☐
ရေရရှိမှု	ရေ ရှားပါးသည် ✔ ရေလုံးဝမရှိပါ ☐ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန်	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူမရနိုင်ပါ ✔

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့်</u> အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာ မရနိုင်ပါ ✔ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐
သွင်းအားစု (မွေးမြူရေး အစာ၊ ဆေးစသည်) ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ✔ သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ ✔ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများမရပါ ☐ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ✔ ထုတ်ကုန်များကိုမရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု	အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ✔ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ✔
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာဝယ်ယူမရပါ ☐ လုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ ✔
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေမရပါ☐ လုံးဝချေးငွေမရပါ ☐ မဖြေဆိုပါ ✔
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ✔
နည်းပညာအကူအညီ နှင့် နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရပါ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☐ မဖြေဆိုပါ ✔

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်ဝ် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့်ဝ် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့်ဝ် ဈေးနှုန်းမှန်ကန်စွာဖြင့်ဝ် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကိုလုံးဝမရောင်းချနိုင်ပါ☐ မဖြေဆိုပါ ✔
ငါးဖမ်းခွင့် ရရှိနိုင်မှု	မလွယ်ကူပါ ☐ မဖြေဆိုပါ ✔

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ <u>ပင်စုံကျေးရွာအနေဖြင့်ဝ် ထုံးထမ်းအစဉ်အလာအရ နွား၊ကျွဲ မွေးမြူရေးလုပ်ငန်းများအား တစ်ပိုင်တစ်နိုင်မွေးမြူနိုင်သော်လည်း လုံလောက်သော အရင်းအနှီး မရှိခြင်း၊ မွေးမြူရေးအသိပညာနည်းပါးခြင်း၊ တိရစ္ဆာန် အစားအစာ ရှားပါးခြင်း တို့မှာ ကျေးရွာအတွင်း အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့နေရပါသည် ။</u>

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့် အလမ်းများ

